**ISP** Stakeholder Tracker 2026

ST2026-01 | January 22, 2026

# စစ်တပ်ထိပ်ပိုင်းတွင် စတုတ္ထမျိုးဆက်အရာရှိများ ဆက်တိုက်နေရာရလာ


ဦး၊ ရေး၊ ထောက် (စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်) လုပ်ငန်းစဉ်အားလုံးကို ဦးဆောင်ရသော စစ်ဆင်ရေးအထူးအဖွဲ့မှူးများနှင့် အရာရှိချုပ်အားလုံးနီးပါးအပြင် စစ်တိုင်းမှူးများသည် စတုတ္ထမျိုးဆက်အရာရှိများ ဖြစ်လာကြသည်။

# စစ်တပ်ထိပ်ပိုင်းတွင် စတုတ္ထမျိုးဆက်အရာရှိများ ဆက်တိုက်နေရာရလာ

| | |
|---|---|
| ကာလ (Period) | ၂၀၂၆ ခုနှစ် ဇန်နဝါရီလ။ |
| သက်ဆိုင်သူများ (Stakeholders) | မြန်မာစစ်တပ်၏ ထိပ်ပိုင်းခေါင်းဆောင်များ။ |
| ဖြစ်စဉ်အကျဉ်း (Issues/activity) | စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် DSA-32 ဆင်း ဒုတိယဗိုလ်ချုပ်ကြီး သုံးဦးကို အနားပေးလိုက်ပြီး စစ်တပ်၏စတုတ္ထမျိုးဆက်ဝင် စစ်ဗိုလ်ချုပ်များဖြင့် အစားထိုးခန့်အပ်လိုက်သည်။ |
| အခြေအနေ ဦးတည်ချက် (Status/trends) | ရွေးကောက်ပွဲမတိုင်ခင် လပိုင်းအလိုကလည်း စစ်တပ်၏ တတိယမျိုးဆက်ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခြောက်ဦးကို အနားပေးခဲ့သည့်အပြင် စစ်ဆင်ရေးအထူးအဖွဲ့မှူးများကိုလည်း အပြောင်းအလဲ လုပ်ခဲ့သည်။ ထို့နောက် ထိပ်ပိုင်းတွင်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး သုံးဦးကို ဆက်လက်အနားပေးခဲ့ခြင်းဖြစ်သည်။ စစ်ခေါင်းဆောင်အလွန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ရန် ရေပန်းစားနေသော ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (DSA-35) ထက် စီနီယာကျသည့် စစ်ဗိုလ်ချုပ်ကြီးများကို ရာထူးများကနေ တောက်လျှောက်ဖယ်ရှားနေခြင်းဖြစ်သည်။ စစ်ဥပဒေချုပ်၊ စစ်ထောက်ချုပ်၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် စက်မှုလက်မှုအရာရှိချုပ်(ရေ)တို့ကလွဲ၍ ဦး၊ ရေး၊ ထောက် (စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်) လုပ်ငန်းစဉ်အားလုံးကို ဦးဆောင်ရသော စစ်ဆင်ရေးအထူးအဖွဲ့မှူးများနှင့် အရာရှိချုပ်အားလုံးနီးပါးအပြင် စစ်တိုင်းမှူးများမှာ စတုတ္ထမျိုးဆက်အရာရှိများ ဖြစ်လာကြသည်။ စစ်တပ်ထိပ်ပိုင်းတွင် စစ်ခေါင်းဆောင်စီမံသော စတုတ္ထမျိုးဆက်အကူးအပြောင်း ရုပ်လုံးပေါ်လာခြင်းဖြစ်သည်။ |
| သက်ရောက်နိုင်ခြေ (Implications) | စစ်ခေါင်းဆောင်သည် စစ်တပ်၏ မျိုးဆက်အကူးအပြောင်းကို စိတ်တိုင်းကျ အသေးစိတ် စီမံနေခြင်းဖြစ်သည်။ ၎င်း၏ ဆရာ-တပည့်ဆက်ဆံရေးအတွင်းက တပည့်ရင်းများကို နေရာပေးလာသည်။ စစ်တပ်အပေါ် စစ်ခေါင်းဆောင်၏ ဩဇာလွှမ်းမိုးမှုမှာ ပို၍ခိုင်မာလာနိုင်ခြေရှိသည်။ အသက်အရွယ်နှင့် အပတ်စဉ်များစွာငယ်သော အရာရှိများက စစ်တပ်၏ ထိပ်ပိုင်းနေရာများကို လွှဲယူလာကြသဖြင့် နိုင်ငံတဝန်း စစ်ဆင်ရေးများနှင့် စစ်တပ်၏စုဖွဲ့မှုအပေါ်တွင်ပါ ရိုက်ခတ်မှုများရှိလာနိုင်သည်။ |
| ဆီလျော်မှု (Relevance) | ISP-Myanmar ၏ မြန်မာ့အခြေပြစစ်တမ်း (State of Myanmar)တွင် အကဲဖြတ်ခဲ့သည့်အတိုင်း စစ်တပ်ခေါင်းဆောင်မှု မျိုးဆက်အပြောင်းအလဲကို စစ်ခေါင်းဆောင်က (၎င်း အာဏာစက်ထက်သရွေ့) နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်လွှမ်းမိုး ထိန်းချုပ်သွားနိုင်ခြေရှိသည်။ ရွေးကောက်ပွဲအလွန် စစ်တပ်၏ စတုတ္ထမျိုးဆက်အပြောင်းအလဲမှာ ၂၀၂၆ ခုနှစ်တွင် စောင့်ကြည့်ရမည့် ဦးတည်လမ်းကြောင်း (Trend) တခုဖြစ်သည်။ |

# စစ်တပ်ထိပ်ပိုင်းတွင် စတုတ္ထမျိုးဆက်ဝင် အရာရှိ ၂၈ ဦးထက်မနည်းရှိလာ

စစ်တပ်ထိပ်ပိုင်းတွင် အရေးပါသော ဦး၊ ရေး၊ ထောက် (စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်)တာဝန်ယူထားရသည့် အရာရှိ ၄၀ ဦးထက်မနည်းရှိသည့်အနက် ၂၈ ဦးမှာ စတုတ္ထမျိုးဆက်ဝင်များဖြစ်သည်။ နိုင်ငံတဝန်း စစ်ဆင်ရေးများကို ဦးဆောင်နေကြသော စစ်ဆင်ရေးအထူးအဖွဲ့မှူးများနှင့် စစ်တိုင်းမှူးများအားလုံးမှာလည်း စတုတ္ထမျိုးဆက်ဝင်များ ဖြစ်သည်။




- ဗိုလ်ချုပ်မှူးကြီး
- ဒုတိယဗိုလ်ချုပ်မှူးကြီး
- ဗိုလ်ချုပ်ကြီး
- ဒုတိယဗိုလ်ချုပ်ကြီး
- ဗိုလ်ချုပ်
- ဗိုလ်မှူးချုပ်
- တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းဆင်း [OTS]
- အလုပ်သင်ဗိုလ်လောင်းသင်တန်းဆင်း [OTC]

**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ။** ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ စစ်တက္ကသိုလ် (DSA)ကျောင်းဆင်းမဟုတ်သော စစ်ဗိုလ်ချုပ်များကို ၎င်းတို့ပြန်တမ်းဝင်ခဲ့သည့် ခုနှစ်ကာလနှင့် တွက်ချက်၍ ထိုကာလ၏ DSA အပတ်စဉ်များနှင့် ချိန်ညှိကာ ဖော်ပြထားခြင်းဖြစ်သည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။